

ဇေယာနု
(ဂါမည)
အောင်မြတ်သာနှင့်
သွေးစုပ်ငှက်ပျောပင်

# အောင်မြတ်သာနှင့် သွေးစုပ်ငှက်ပျောပင်

ကျွန်တော့်နာမည်က သက်ခိုင်ပါ။

ဆရာနဲ့ မတွေ့ခင် အထိကတော့ ကျွန်တော်က လူပေလူတေ အရက်သမား တစ်ယောက် ဖြစ်ခဲ့တယ်။

ကျွန်တော့်ဘဝ ကျွတ်ချိန်တန်လို့ လားတော့ မသိဘူး။

ဆရာနဲ့ တွေ့ဆုံခွင့် ရခဲ့တယ်။

ဆရာ့ကြောင့် လည်း ကျွန်တော် လူသားတွေရဲ့ အကျိုးကို ဆရာနဲ့ တူတူ လိုက်လံ ကူညီခွင့်ရခဲ့တယ်။

ဆရာရဲ့ ပညာက ခန့်မှန်းမရလောက်အောင် အစွမ်းရှိတာကို ကျွန်တော် သိခဲ့ရတယ်။ ဆရာနဲ့ တူတူ အောက်လမ်း၊ ပယောဂ၊ နတ်တိုက်၊ စုန်းတိုက်တွေကို နှိမ်နင်းရင်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသ ဖြစ်တဲ့ ရာမည(ခေါ်) မွန်တို့ ဒေသကို ရောက်ခဲ့တယ်။

မွန်တို့ ရဲ့ ဒေသရိုးရာအရ အိမ်တွေကို တစ်ပြေးညီ မဆောက်ကြပဲ တစ်ဆင့်နိမ့်ကာ ဆောက်ထားတာကိုလည်း တွေ့ရတယ်။

မုဒုံမြို့ရဲ့ အထင်ကရ မုဒုံကန်ကြီးစေတီကို ဝင်ရောက်ဖူးမျှော်ရင်း ဆရာတပည့်နှစ်ယောက် မိမိလုပ်စရာရှိတဲ့ ပုတီးစိပ်ခြင်း၊ အင်းကွက်ရေးဆွဲခြင်းတွေကို လုပ်နေလိုက်တယ်။

ပုတီးစိပ်နေတဲ့ အချိန် ကျွန်တော့်နှာခေါင်းထဲမှာ အလွန်မွှေးပျံ့တဲ့ အနံ့တစ်မျိုးကို ရလိုက်တယ်။

သာမန် ရေမွှေးတွေနဲ့ မတူတဲ့ ရနံ့

ရေမွှေးနံ့နဲ့ မရေးမနှောင်းမှာ မိန်းမတချို့ရဲ့ စကား တိုးတိုးပြောသံကို ကြားလိုက်ရတယ်။

ကျွန်တော်လည်း ကိုယ့်အလုပ်ကိုပြီးအောင် လုပ်ပြီးတဲ့ အချိန် မျက်လုံးဖွင့်လိုက်တော့ ဆရာ့အနားမှာ အင်္ကျီအနက်ရောင် ဝမ်းဆက်နဲ့ မိန်းမငယ်၃ဦး ကျုံ့ကျုံ့လေး ထိုင်နေတာကို တွေ့လိုက်ရတယ်။

ပတ်ဝန်းကျင်က လူတွေက သူတို့ ကို သတိထားမိဟန် မတူပဲ ယောဂီလုံချည်နဲ့ ယောဂီအင်္ကျီ ဆင်တူဝတ်ထားတဲ့ ဆရာနဲ့ ကျွန်တော့်ကိုသာ ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြတယ်။

မကြာခင် ဆရာပုတီးစိပ်တာ ဖြုတ် အမျှအတန်းဝေတော့ သူတို့ သာခု လိုက်ခေါ်ကြတယ်။ သာခုခေါ်ပြီးချိန်မှာ သူတို့ ရဲ့ အဝတ်အစား အရောင်တွေက ပိုမိုတောက်ပြောင် သွားတာကို ထူးဆန်းစွာ တွေ့လိုက်ရတယ်။

***